# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

October 11 , 2024 Volume 83, Number 9


**၁၁.၁၀.၂၀၂၄**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၉၈. ၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၀၈.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၄၆.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၅.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၇.၁၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၉၈၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၅.၇၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၀.၂၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၃.၀၇၃ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၃၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## မြန်မာ့လက်ဖက်အစိုကို ပြည်ပသို့တိုးမြှင့်တင်ပို့နိုင်ရေး အပင်များကို ပြုပြင်ထိန်းသိမ်းရန် လိုအပ်နေဟုဆို



ပြည်တွင်း၌ စိုက်ပျိုးထွက်ရှိသည့် လက်ဖက်အစိုကို ပြည်ပဈေးကွက်သို့ တိုးမြှင့်တင်ပို့နိုင်ရန်အတွက် အပင်များကို ပြုပြင်ထိန်းသိမ်းရန်လိုအပ်ကြောင်း မြန်မာနိုင်ငံလက်ဖက်စိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းထံမှ သိရသည်။

၂၀၁၇ ခုနှစ်မှစတင်ကာ မြန်မာ့လက်ဖက်အစိုကို ပြည်ပသို့ နှစ်စဉ် တန် ၂၀ ခန့် တင်ပို့လျက်ရှိပြီး တစ်ပိဿာလျှင် အမေရိကန်ဒေါ်လာ ၃ ဒေါ်လာရှိကြောင်း သိရသည်။

လက်ရှိတွင် မြန်မာ့လက်ဖက်အစိုကို ဒူဘိုင်း၊ တရုတ်၊ ထိုင်ဝမ်၊ ဗြိတိန် စသည့် နိုင်ငံများသို့ စမ်းသပ်တင်ပို့နေသလိုကိုရီးယားနိုင်ငံသို့လည်း တင်ပို့လျက်ရှိကြောင်း သိရသည်။

နိုင်ငံတကာဈေးကွက်သို့ ပိုမိုတင်ပို့ရောင်းချနိုင်ရန် လက်ဖက်ပင် စိုက်ပျိုးထုတ်လုပ်မှုကို တိုးချဲ့လုပ်ကိုင်ရန် လိုအပ်သလို ရာသီဥတုအခြေအနေများကြောင့် ပျက်စီးမှုများပြားလာသည့်အတွက် အပင်များကို ပြုပြင်ထိန်းသိမ်းရန် လိုအပ်ကြောင်း သိရသည်။

သို့သော်လည်း ရေနစ်မြုပ်မှုကြောင့် လက်ဖက်စိုက်ခင်းများ ထိခိုက်ပျက်စီးခဲ့ရပြီး တောင်သူများအနေဖြင့်အခက်အခဲများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

လက်ဖက်ပင်သည် နှစ်ရှည်ပင်ဖြစ်ပြီး တရုတ်၊ အာသံ၊ ကိုးကန့်၊ အင်ဒိုချိုင်းနား စသည့် မျိုး ၄ မျိုးရှိပြီး မြန်မာနိုင်ငံတွင် အာသံမျိုးကို အဓိကစိုက်ပျိုးကြပြီး လက်ဖက်ကို

နှစ်စဉ် ဖေဖော်ဝါရီလမှ မေလဆန်းအထိ ရွှေဖီချိန်ဟုခေါ်ကြပြီး ထိုကာလအတွင်း ထွက်ရှိသည့် လက်ဖက်သည် အရည်အသွေး အကောင်းဆုံးဖြစ်ကြောင်း သိရသည်။

**Source :** https://www.popularmyanmar.com/

## ယခင်အမြင့်ဈေးသို့ပြန်မရောက်နိုင်သေးပဲ မတ်ပဲဈေးဆက်လက်ကျဆင်းနေ

ယခင်စက်တင်ဘာလ ပထမသီတင်းပတ်တွင် ရေ၀တီမတ်ပဲ ၁ တင်းဈေးနှုန်း ကျပ် ၁၃၅,၀၀၀ ထိရောက်ရှိခဲ့ပြီး ယခု အောက်တိုဘာလ ကာလတူဈေးနှုန်းသည် ၁ တင်း ကျပ် ၁၂၀,၀၀၀ နှင့် ၁၃၀,၀၀၀ ကြား၊ ဈေးအတက်အကျဖြစ်ပေါ်လျက်ရှိပြီး ယခင်အမြင့်ဈေးသို့ ပြန်တက်လာခြင်းမရှိသေးကြောင်းတွေ့ရသည်။

တစ်ပတ်အတွင်းဖြစ်ပေါ်ခဲ့သော ရေ၀တီတိုင်းဒေသကြီး၏ မတ်ပဲဈေးနှုန်းများမှာ အောက်တိုဘာလ ၃ ရက်နေ့တွင် ၁ တင်းဈေးနှုန်း ကျပ် ၁၂၆,၁၀၀၊ ၇ ရက်နေ့တွင် ကျပ် ၁၂၅,၈၀၀၊ ၈ ရက်နေ့တွင် ကျပ် ၁၂၆,၃၀၀၊ ၁၀ ရက်နေ့တွင် ကျပ် ၁၂၆,၀၀၀ အသီးသီး ဖြစ်သည်။

ဩဂုတ်လနှင့် စက်တင်ဘာလ ကာလတူနှိုင်းယှဉ်ချက်အရ စက်တင်ဘာလအတွင်း အိန္ဒိယသို့ မတ်ပဲတင်ပို့မှုအနည်းငယ်ကျ ဆင်းခဲ့သော်လည်း မြန်မာမတ်ပဲဈေးကွက်အတွင်း မတ်ပဲ လက်ဝယ်ရှိသူများက မတ်ပဲထုတ်ရောင်းကာ ငွေပြန်ဖော်ခြင်းများရှိ ကြောင်း မတ်ပဲရောင်းဝယ်သူကုန်သည်များထံမှ သိရသည်။

အိန္ဒိယဈေးကွက်တွင်လည်း အစိုဓာတ်များသော မတ်ပဲသစ်များဈေးကွက်အတွင်းသို့ ရောက်ရှိကာ ပဲခွဲစက်များက ထိန်း၍ ဝယ်ယူနေသောကြောင့် မတ်ပဲဈေးအေးလျက်ရှိကြောင်း သိရပြီး ယခင် ၃ လတာကာလနှင့် နှိုင်းယှဉ်မှုအရ မတ်ပဲဈေးနှုန်း ၁၀ ရာခိုင်နှုန်း ကျဆင်းကြောင်း အိန္ဒိယနိုင်ငံ၊ စားသုံးသူရေးရာဌာနအတွင်းရေးမှူးက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၏ ပွဲတော်ကာလအတွင်း မတ်ပဲဈေးတက်လာနိုင်ချေရှိသော်လည်း ပွဲတော်အလွန်ကာလတွင် မတ်ပဲသစ်ဝင် ရောက်မှုများကြောင့် ဈေးအေးသွားနိုင်ကြောင်း အိန္ဒိယနိုင်ငံဖက်မှ ကုန်သည်များက ခန့်မှန်းထားသည်။

မြန်မာမတ်ပဲဈေးကွက်တွင် အိန္ဒိယနိုင်ငံ၏ မတ်ပဲဈေးကျဆင်းခြင်း၊ ကမ္ဘာ့ရွှေဈေးနှင့် ပြည်တွင်းငွေကြေးလဲလှယ်မှုနှုန်းထား များအပေါ်မူတည်၍ မတ်ပဲဈေးသည် အကျဘက်တွင် ဆက်လက်ရှိနေနိုင်ကြောင်း မတ်ပဲရောင်းဝယ်သူလုပ်ငန်းရှင်များက သုံးသပ်ထားသည်။

**Source : ရောကုန်သွယ်မြင့်**

https://myantrade.gov.mm/

## ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးကြင်းပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ရေ၀တီတိုင်းဒေသကြီးညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးကြင်းပိဿာချိန် ၈၀,၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးကြင်းပိဿာချိန် ၆၀,၀၀၀ ထိသာတင်ပို့ ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ငါးကြင်းပိဿာချိန် ၈၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးကြင်းများကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများခြင်းကြောင့် တင်ပို့အားကောင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

" လက်ရှိ ငါးကြင်းတွေ ရန်ကုန်ဘက်က အဝယ်လိုက်နေတာကြောင့် တင်ပို့ရောင်းချအားကောင်းခဲ့တာပါ။ ရန်ကုန်ဈေး ကွက်က ငါးကြင်းတွေကို စက်တင်ဘာလအစကတည်းက အဝယ်လိုက်နေတာပါ။ ရန်ကုန်ဈေးကွက်က ငါးကြင်းအပြင် အခြား ငါးတွေလဲ ဝယ်လိုအားများလာတာကြောင့် ရေလုပ်သားတွေနဲ့ ငါးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူတွေ အဆင်ပြေနေတယ်" ဟု

ညောင်တုန်းမြို့နယ်ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ရေထွက်ကုန်များကို ဝယ်ယူပြီး ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရေထွက်ကုန်များကို ရန်ကုန်မြို့မှတစ်ဆင့် အခြားဒေသများသို့ ရောင်းချပေးလျက်ရှိကြောင်း ညောင်တုန်းမြို့နယ်ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦး ထံမှ သိရသည်။

**Source : ရတနာပုံနေ့စဉ်သတင်းစာ**

## ပြည်ပနိုင်ငံများ၏ ဝယ်လိုအားကြောင့် မန္တလေးဈေးကွက်အတွင်း ဝဥများ ဈေးကောင်းရရှိကာ အရောင်းအဝယ်ကောင်းမွန်နေ



ပြည်ပနိုင်ငံများ၏ ဝယ်လိုအားကြောင့် မန္တလေးဈေးကွက်အတွင်း၌ ဝဥများ မနှစ်ကထက် ဈေးကောင်းရရှိကာ အရောင်းအဝယ်သွက်လက်ကောင်းမွန်နေကြောင်း မန္တလေးမြို့ကုန်သည်များထံမှ သိရသည်။

အဆိုပါ ဝဥများကို ယခုအချိန်တွင် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း) ဒေသများမှ ဝဥများလှိုင်လှိုင်ထွက်ပေါ်လာပြီး မန္တလေးဈေးကွက်အတွင်းသို့ ဝင်ရောက်လျက်ရှိရာ ပြည်ပနိုင်ငံများဖြစ် သည့် တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့က နှစ်စဉ်ဝယ်ယူလျက်ရှိကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင်ကပြောသည်။

" ယခုအချိန်ဟာ ဝဥတွေ လှိုင်လှိုင်ထွက်တဲ့ ရာသီဖြစ်ပါတယ်။ ဝဥက သမပိုင်းရာသီဥတု နေရာတွေမှာ ပေါက်ပါတယ်။ မြန်မာနိုင်ငံမှာ အလေ့ကျပေါက်တဲ့ အပင်တစ်မျိုးဖြစ်တယ်။ ဝဥ အနီ၊ ဝဥအဝါဆိုပြီး နှစ်မျိုးရှိတယ်။ ဝဥက ဥအတိုင်း မဟုတ်ဘဲ ဖြတ်တောက်ပြီးမှ ဈေးကွက်ကို ပို့တာဖြစ်တယ်။ မြန်မာနိုင်ငံမှာ ဝဥအခြောက်ခံစက်ရုံတွေလည်းမန္တလေးမြို့နဲ့ ပခုက္ကူမြို့တွေမှာ ရှိတယ်။ ဝဥကိုတန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ဝဥခေါက်ဆွဲထုတ်လုပ်ကာ မန္တလေးဈေးကွက်အတွင်းမှာလည်း ရောင်းချနေပါတယ်" ဟု ၎င်းက ပြောသည်။

ဝဥကို ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးစသည့် ဒေသများမှာ အလေ့ကျပေါက်ရောက်ပြီး၊ အခင်းလိုက်စမ်းသပ်စိုက်ပျိုးနေခြင်းမှ အောင်မြင်သည့် ဝဥစိုက်ခင်းများကို တွေ့ရှိနိုင်ကြောင်း သိရသည်။

**Source: ကြေးမုံသတင်းစာ**

## မအူပင်မြို့နယ်မှထွက်ရှိသည့် ဒေသထွက်ထောပတ်ပဲဖြူများ အရောင်းအဝယ်ကောင်းမွန်နေ

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ဈေးကွက်တွင် ထောပတ်ပဲဖြူ (အပြားကြီး)များ ဝယ်ယူမှုအားကောင်းလာခြင်းကြောင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း မအူပင်မြို့နယ်လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

မအူပင်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ဈေးကွက်တွင် အောက်တိုဘာ ၁ ရက်မှ ယနေ့ထိ ထောပတ်ပဲဖြူ(အပြားကြီး)များ ဝယ်ယူမှုများပြားနေခြင်းကြောင့် အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

" ဒေသဈေးကွက်မှာ အခြားပဲတွေထက် ထောပတ်ပဲဖြူ ဝယ်လိုအားကောင်းလာပါတယ်။ အောက်တိုဘာလ ပထမပတ်က နေအဝယ်လိုက်လာတာဖြစ်တယ်။ ပြည်တွင်းဈေးကွက်က ထောပတ်ပဲဖြူတွေ အရောင်းအဝယ်ကောင်းမွန်နေခြင်းကြောင့် အရောင်းကောင်းလာတာပါ။ ပြည်တွင်းဈေးကွက်အပြင် ပြည်ပဈေးကွက်ကိုလဲ ပြန်တင်ပို့နေလို့ အခုလို ဝယ်ယူမှုကောင်းလာခဲ့

တာဖြစ်ပါတယ်။ မကြာခင်လဲ ဒေသထွက် ထောပတ်ပဲဖြူအသစ်တွေ ထွက်တော့မှာပါ”ဟု မအူပင်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

မအူပင်မြို့နယ်ပဲမျိုးစုံရောင်းဝယ်ရေး ဈေးကွက်တွင် အရောင်းအဝယ်ကောင်းနေသည့် ထောပတ်ပဲဖြူ ၁၆ ပြည်ဝင် တစ်အိတ် ကျပ် ၈၇,၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ ထောပတ်ပဲဖြူများ အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလုပ်ကိုင်သူများ၊ ကုန်တင်၊ ကုန်ချလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းရရှိလျက်ရှိကြောင်း မအူပင်မြို့နယ်လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးထံမှ သိရသည်။

**Source : ရတနာပုံနေ့စဉ်သတင်းစာ**

## ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငရုတ်သီးစိမ်းပိဿာချိန် ၈၂,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငရုတ်သီးစိမ်းပိဿာချိန် ၈၂,၀၀၀ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ်လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦး က ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လက ငရုတ်သီးစိမ်းပိဿာချိန် ၇၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ငရုတ်သီးစိမ်း ပိဿာချိန် ၈၂,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ တင်ပို့ရောင်းချခဲ့သည့် ငရုတ်သီးစိမ်း ၁၀ ပိဿာလျှင် ကျပ် ၆၅,၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

“ စက်တင်ဘာလအတွင်း ပန်းတနော်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ထဲကို ငရုတ်သီးစိမ်းပိဿာချိန် ၈၂,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒေသလယ်ယာထွက်ကုန်တွေကို ဧရာဝတီတိုင်းဒေသကြီးအတွင်းက အခြားနယ်မြို့တွေအပြင် ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ ပန်းတနော်မြို့နယ်ကထွက်တဲ့ ဒေသထွက်ငရုတ်သီးတွေက အရည်အသွေးကောင်းပါတယ်။ ရက်ရှည်အထားခံပြီး တစ်ဆင့်ပြန်လည်ရောင်းချရာမှာ အဆင်ပြေတာကြောင့် မှာယူမှုများတာဖြစ်ပါတယ် ”ဟု ပန်းတနော်မြို့နယ်လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ တောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့်ယှဉ်တွဲပြီး ငရုတ်စိုက်ပျိုးသည့် လုပ်ငန်းကို လုပ်ကိုင်လျက်ရှိကြောင်း အဆိုပါဒေသမှ ထွက်ရှိသော ငရုတ်သီးများကို တင်ပို့ရောင်းချရမှု အားကောင်းလာခြင်းကြောင့် တောင်သူများ၊ လုပ်သားများ၊ ကုန်သည်များ၊ ပွဲရုံပိုင်ရှင်များ အလုပ်အကိုင်အခွင့်အလမ်းကောင်းနေကြောင်း သိရသည်။

**Source : ရတနာပုံနေ့စဉ်သတင်းစာ**

## လာအိုနှင့်ထိုင်းတို့က ကုန်သွယ်ရေးကို နှစ်ဆတိုးမြှင့်မည်

လာအိုနှင့်ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များသည် ဗီယန်ကျင်းမြို့၌တွေ့ဆုံကာ နှစ်နိုင်ငံစီးပွားရေးနှင့် ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ပြီး ကုန်သွယ်မှုပမာဏကို နှစ်ဆတိုးမြှင့်ရန် သဘောတူခဲ့ကြကြောင်းသိရသည်။

နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏကို ၂၀၂၅ ခုနှစ် နောက်ဆုံးထား၍ အမေရိကန်ဒေါ်လာ ၁၁ ဘီလျံအထိ တိုးမြှင့်နိုင်ရန် ရည်ရွယ်ထားသည်ဟု သိရသည်။

အဆိုပါအစီအစဉ်သည် ၂၀၂၂ ခုနှစ်တွင် သဘောတူထားသည့် မဟာဗျူဟာမြောက်မိတ်ဖက်ဆောင်ရွက်မှု စီမံကိန်းနှင့် ၂၀၂၁ ခုနှစ်က ပြုလုပ်ခဲ့သည့် ၂၂ ကြိမ်မြောက် လာအို – ထိုင်း ပူးတွဲကော်မရှင်အစည်းအဝေးတို့မှ ကတိကဝတ်များအတိုင်း လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟုလည်း သိရသည်။

ကုန်သွယ်မှုလိုငွေပြမှုကို ကိုင်တွယ်ဖြေရှင်းရန်နှင့် လာအိုပြည်တွင်းထုတ်လုပ်မှုကို အားပေးရန်အတွက် လာအိုထုတ်ကုန်များ ဝယ်ယူအားပေးမှုကို မြှင့်တင်ရန်အရေးကြီးကြောင်း နှစ်ဖက်စလုံးက အလေးပေးပြောကြားခဲ့သည်။

လာအိုနိုင်ငံရှိ ပြုပြင်ထုတ်လုပ်သည့် စက်မှုလုပ်ငန်းနှင့် အခြားအဓိက အခန်းကဏ္ဍများ၌ ရင်းနှီးမြှုပ်နှံမှုများကို တိုး၍ လုပ်ကိုင်ရန် စိတ်ဝင်စားကြောင်း ထိုင်းနိုင်ငံဘက်ကလည်း ပြောသည်။

ကုန်သွယ်ရေးနှင့်စီးပွားရေးဆက်ဆံမှု တိုးမြှင့်ရန်အခွင့်အလမ်းများ ဖော်ထုတ်ရေးတို့ကို အဓိကထားကာ နှစ်နိုင်ငံ၏ သက်ဆိုင်ရာဌာနများအကြား ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးသည် အရေးကြီးကြောင်းကိုလည်း ဆွေးနွေးပွဲ၌ အလေးပေးပြောကြားခဲ့သည်။

**Source : ရှင်းဟွာ**

https://www.popularmyanmar.com/

## ဗီယက်နမ်သည် ကဏန်းတင်ပို့မှုမှ ဒေါ်လာ ၂၂၇ သန်းရရှိခဲ့



ဗီယက်နမ်နိုင်ငံ၏ ကဏန်းတင်ပို့မှုသည် ၂၀၂၄ ခုနှစ်၏ ကိုးလတာကာလအတွင်း အမေရိကန်ဒေါ်လာ ၂၂၇ သန်းရရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၆၆ ရာခိုင်နှုန်း တိုးတက်လာကာ အဓိကရေထွက်ကုန်ပစ္စည်းများကြားတွင် စံချိန်တင်အမြင့်ဆုံးအဖြစ်ရပ်တည်နေခဲ့သည်။

ဗီယက်နမ်ကဏန်းများကိုအဓိကဈေးကွက်များသည့် တရုတ်နိုင်ငံမှ ဝယ်လိုအား တွန်းအားပေးလာခြင်းကြောင့် အရောင်းမြင့်တက်လာခြင်းဖြစ်သည်ဟု ဗီယက်နမ်ပင်လယ်စာတင်ပို့သူများနှင့်ထုတ်လုပ်သူများအသင်း(VASEP) က အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။

ဗီယက်နမ်မှ အရည်အသွေးမြင့် ကဏန်းများသည် ဈေးနှုန်းအပြိုင်အဆိုင်ပေါက်နေသည်ဖြစ်ရာ ဂျပန်နိုင်ငံသည်လည်း အဓိကတင်ပို့သော ဈေးကွက်တစ်ခုဖြစ်သည်။ ကဏန်းတင်ပို့မှုမှ တစ်နှစ်ပတ်လုံးအတွင်း ကန်ဒေါ်လာ သန်း ၃၀၀ အထိ ရရှိရန် မျှော်မှန်းထားကြသည်။

ရေထွက်ကုန်တင်ပို့မှု စုစုပေါင်း၏ ၈ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ၉ လတာအတွင်း ကန်ဒေါ်လာ ၇ ဒသမ ၁၆ ဘီလီယံအထိ မြင့်တက်လာခဲ့သည်။

ပုစွန်သည် အမြတ် ၁၀ ဒသမ ၅ ရာခိုင်နှုန်းဖြင့် အမြတ်အစွန်းအများဆုံးရရှိသော ရေထွက်ကုန်ပစ္စည်းအဖြစ် ဦးဆောင်လျက်ရှိသည်။

၂၀၂၄ ခုနှစ်တွင် ဗီယက်နမ်၏ ပင်လယ်စာတင်ပို့မှုသည် ၇ ရာခိုင်နှုန်း မှ ၉ ဒသမ ၅ ဘီလီယံအထိတိုးလာကာ ပုစွန်၊ ရေချိုငါးခူ၊ တူနာ၊ ပြည်ကြီးငါးနှင့် ရေဘဝဲတို့သည်လည်း ပိုမိုတင်ပို့နိုင်မည်ဟု VASEP မှ ခန့်မှန်းထားကြောင်း သိရသည်။

**Source : vnexpress**

**DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## ထိုင်းနိုင်ငံ၌ တာယာထုတ်လုပ်မှုကို မြှင့်တင်ရန် ဂျာမနီအခြေစိုက် Continental AG က ဘတ် ၁၃ ဒသမ ၄ ဘီလီယံ ရင်းနှီးမြှုပ်နှံမှု ပမာဏ တိုးမြှင့်ခဲ့ကြောင်း ထိုင်းနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဘုတ်အဖွဲ့က ပြောကြားခဲ့

ဂျာမနီနိုင်ငံ အခြေစိုက် Continental AG က ဘတ် ၁၃ ဒသမ ၄ ဘီလီယံ ရင်းနှီးမြှုပ်နှံမှုပမာဏ တိုးမြှင့်ခဲ့သဖြင့် ထိုင်းနိုင်ငံ၌ ရော်ဘာထုတ်လုပ်မှုကို တိုးမြှင့်နိုင်မည်ဖြစ်သောကြောင့် ကမ္ဘာ့ဒုတိယအကြီးဆုံး ရော်ဘာထုတ်လုပ်သူအဆင့်ကို ခိုင်မာစေမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့၏ ပြောကြားချက်အရ သိရသည်။

Continental Tyres (Thailand) က ရယောင်း၏ အရှေ့ဘက်ပြည်နယ်ရှိ ၎င်း၏ တာယာစက်ရုံ တွင် ဘတ် ၁၃ ဒသမ ၄ ဘီလီယံ ရင်းနှီးမြှုပ်နှံမှု ပမာဏ တိုးမြှင့်၍ နှစ်စဉ် တာယာထုတ်လုပ်မှုတွင် အရည်အသွေးမြင့်တာယာ ၃ သန်း ထပ်တိုး ထုတ်လုပ်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးလျှောက်လွှာကို ဘုတ်အဖွဲ့က ခွင့်ပြုခဲ့ပါကြောင်း၊ တာယာထုတ်လုပ်မှုအများစုသည် ပို့ကုန်အတွက် ရည်ရွယ်ကြောင်း၊ စက်ရုံသစ်တည်ဆောက်ခြင်း၊ စက်ယန္တရားအသစ်များ တပ်ဆင်ခြင်းနှင့် ဝန်ထမ်း ၆၀၀ မှ ၁,၅၀၀ သို့ တိုးမြှင့်လိုက်ခြင်းတို့ကြောင့် ၁ နှစ်လျှင် တာယာထုတ်လုပ်မှုကို ၇ ဒသမ ၈ သန်းထိ တိုးမြှင့်ထုတ်လုပ်သွားရန် မျှော်မှန်းထားကြောင်း၊ စက်ရုံကို ပြည်တွင်းထုတ်သဘာဝရော်ဘာမှ မော်တော်ဆိုင်ကယ်၊ Light Trucks၊ ခရီးသည်တင်ကားများနှင့် လျှပ်စစ်မော်တော်ကားတို့အတွက် တာယာထုတ်လုပ်ရန် အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

Continental ၏ စက်ရုံတိုးချဲ့လိုက်မှုသည် ထိုင်းနိုင်ငံ၏ မော်တော်ကားစက်မှုအချက်အချာနှင့် ထိုင်းနိုင်ငံရှိ နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်ချက်ကို အားဖြည့်ပေးပါကြောင်း၊ ၂၀၂၀ ပြည့် နှစ်မှစ၍ တာယာထုတ်လုပ်သူများ၏ ရင်းနှီးမြှုပ်နှံမှု လျှောက်လွှာ ၄၁ ခုရှိခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ဘတ် ၁၁၂ ဘီလီယံကျော်ရှိပါကြောင်း၊ Continental Tyres (Thailand) သည် ၂၀၀၉ ခုနှစ်တွင် စတင် တည်ထောင်ခဲ့ပြီး ၄ ခုမြောက် အကြီးဆုံး တာယာထုတ်လုပ်သူဖြစ်ကြောင်း၊ ထိပ်တန်းတာယာထုတ်လုပ်သူများလည်း ထိုင်းနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလျက်ရှိသဖြင့် တရုတ်ပြီးပါက ဒုတိယအကြီးဆုံး တာယာထုတ်လုပ်သူနှင့် ပို့ကုန်အခြေစိုက်နိုင်ငံဖြစ်ကြောင်း ဘုတ်အဖွဲ့အထွေထွေအတွင်းရေးမှူးချုပ် Mr. Narid Therdsteerasukdi က ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် ရော်ဘာထုတ်လုပ်သူများမှာ ပြင်သစ်မှ Michelin၊ ဂျပန်မှ Bridgestone၊ Sumitomo Rubber နှင့် Yokohama Tire၊ အမေရိကန်မှ Goodyear၊ တရုတ်မှ Zhongshe Rubber၊ Prinx၊ Chengsham Tire၊ Linglong Tire နှင့် Century Tire တို့ ဖြစ်ကြောင်း၊ တာယာထုတ်လုပ်မှုသည် ထိုင်းနိုင်ငံ၏ မော်တော်ကားစက်မှုတွင် အရေးပါသော အခန်းကဏ္ဍ ဖြစ်ပါကြောင်း၊ ကမ္ဘာ့မော်တော်ကားထုတ်လုပ်သည့် နိုင်ငံများထဲတွင် တစ်ခုအပါအဝင်ဖြစ်သော ထိုင်းနိုင်ငံသည် အရှေ့တောင်အာရှတွင် အဆင့် ၁ ဖြစ်ကြောင်း သိရသည်။

**Source: www.bangkokpost.com စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့**

https://myantrade.gov.mm/

## ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှစ၍ DHL Express ဈေးနှုန်းများ တိုးမြှင့်တော့မည်

နိုင်ငံတကာ အမြန်ပို့ဆောင်ရေးဝန်ဆောင်မှုပေးသည့် DHL Express သည် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်မှ စတင်ကာ ပျမ်းမျှဈေးနှုန်း ၆ ဒသမ ၉ ရာခိုင်နှုန်း တိုးလာမည်ဖြစ်ကြောင်း ၂၀၂၄ ခုနှစ် စက်တင်ဘာ ၃၀ ရက်ထုတ် မလေးရှားသတင်းစာ Bernama က ဖော်ပြခဲ့သည်။

DHL Express ၏ မလေးရှားနှင့် ဘရူနိုင်းရုံးခွဲ မန်နေဂျင်းဒါရိုက်တာ Julian Neo က ကမ္ဘာတစ်ဝှမ်း နိုင်ငံရေးစိန်ခေါ်မှုများနှင့် ထောက်ပံ့ရေးကွင်းဆက် ပြတ်တောက်မှုများ ရှိနေသော်လည်း ကုမ္ပဏီသည် ယုံကြည်စိတ်ချရသော ဝန်ဆောင်မှု ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း၊ နှစ်စဉ် ဈေးနှုန်းညှိနှိုင်းမှုဖြင့် ကုမ္ပဏီ၏ ခံနိုင်ရည်အားနှင့် လိုက်လျောညီထွေရှိမှုတို့ မြှင့်တင်ကာ ကွန်ရက်တွင် ဆက်လက်ရပ်တည်မည်ဖြစ်ကြောင်း၊ ပြင်ပအခြေအနေ မည်သို့ရှိစေကာမူ ဖောက်သည်များ၏ စီးပွားရေးလုပ်ငန်းများအား ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

လုပ်ထုံးလုပ်နည်းနှင့် လုံခြုံရေးနည်းလမ်းများကြောင့်ဖြစ်ရသည့် ငွေကြေးဖောင်းပွမှု၊ ငွေကြေးမတည်ငြိမ်မှုနှင့် အုပ်ချုပ်မှုကုန်ကျစရိတ်များအရ DHL Express သည် ဈေးနှုန်းများကို နှစ်စဉ်ပြန်လည်သုံးသပ်ကာ ပြည်တွင်းနှင့် နိုင်ငံတကာနယ်မြေပေါင်း ၂၂၀ ကျော် တွင် အဆိုပါအစီအမံများကို မွမ်းမံပြင်ဆင်ထားကြောင်း ပြောကြားသည်။

**Source : Bernama**

https://commerce.gov.mm/

## STOCK EXCHANGE (11.10.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 11th Oct. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,557 (Shares) | 14,221,850 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | +100 | +1.16% | 8,600 | 8,700 | 8,600 | 246 | 2,116,200 | 33,109,694 | 288,054 |
| MTSH | 00002 | 3,350 | -50 | -1.47% | 3,400 | 3,400 | 3,350 | 164 | 556,900 | 38,929,150 | 130,413 |
| MCB | 00003 | 8,800 | +0 | +0.00% | 8,800 | 8,800 | 8,800 | 68 | 598,400 | 10,400,986 | 91,529 |
| FPB | 00004 | 1,950 | +50 | +2.63% | 1,950 | 1,950 | 1,950 | 4,232 | 8,252,400 | 29,664,613 | 57,846 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 0 | 0 | 12,823,224 | 35,905 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,700 | 211 | 358,700 | 19,977,223 | 33,961 |
| AMATA | 00007 | 4,500 | +0 | +0.00% | 4,400 | 4,500 | 4,400 | 179 | 787,700 | 10,497,598 | 47,239 |
| MAEX | 00008 | 3,400 | -50 | -1.45% | 3,350 | 3,400 | 3,350 | 457 | 1,551,550 | 23,804,946 | 80,937 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 11th Oct. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 406.05 | +0.88 | +0.22% | 404.70 | 407.08 | 404.70 | 5,557 | 14,221,850 | 8 | 765,884 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

### Main Board

As of 12:30 pm, 11th Oct. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,447 (Shares) | 14,009,850 (MMK) |

| MYANPIX | 406.05 ▲ 0.88 |
|---|---|
| Total Volume (shares) | 5,447 |
| Total Value (MMK) | 14 mil |
| Listed Company | 8 |
| Market Cap. (MMK) | 765,884 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▲ 100 |
| MTSH | 00002 | 3,350 | ▼ 50 |
| MCB | 00003 | 8,800 | ▲ 0 |
| FPB | 00004 | 1,950 | ▲ 50 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 4,500 | ▲ 0 |
| MAEX | 00008 | 3,400 | ▼ 50 |

TIR